## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
## (၂၀)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်)

(ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်း အဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၀)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈) ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၄၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၆.၅၁) ရာခိုင်နှုန်း ရှိပြီး၊

တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်း ဥပဒေ ၂၀၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင် ပြပါမယ်။

ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ အစည်းအဝေး။ ဦးပီမောင်စိုး၊ ကယား(၁)၊ အစည်းအဝေး။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ အစည်းအဝေး။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ အစည်းအဝေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ အစည်းအဝေး။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ အစည်းအဝေး။ ဦးငွေမောင်၊ မန္တလေး(၁၂)၊ အစည်းအဝေး။ ဦးဉာဏ်လင်း၊ ဧရာဝတီ(၃)၊ အစည်းအဝေး။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ အစည်းအဝေး။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ပညာရေးဆွေးနွေးပွဲ။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ပညာရေးနှီးနှောဖလှယ်ပွဲ။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ပညာရေးနှီးနှောဖလှယ်ပွဲ။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးထွန်းဇော် (ခေါ်) ကိုပေါက်၊ ပဲခူး(၁၂)၊ ဆွေးနွေးပွဲ။ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမနားနိုင်၊ ချင်း(၁၀)၊ ဆွေးနွေးပွဲ။ ဦးစောငြိမ်းသင်၊ ကရင် (၃)၊ ဆွေးနွေးပွဲ။ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ဖွံ့ဖြိုးရေးကိစ္စ။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီး ဇော်သန်းထိုက်၊ တပ်မတော်၊ ကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖုန်းမြင့်အောင်၊

ရန်ကုန်(၃)၊ ပညာရေးဆွေးနွေးပွဲ။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကျန်းမာရေး။ ဦးစောအုန်း၊ မွန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ပညာရေးဆွေးနွေးပွဲ။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကျန်းမာရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ပညာရေးဆွေးနွေးပွဲ။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးကျဲန်ခန်း၊ ချင်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေသောင်း၊ ကချင်(၆)၊ ကိုယ်ရေးကိုယ်တာ။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် န၀မပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၄)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၇၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် သုံးဦးက မေးမြန်းတဲ့ မေးခွန်းများဟာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မိုးကောင်းမြို့နယ်၊ မီးရထားလမ်းဘေး ဝဲ/ယာတွင် တစ်စုတစ်စည်းတည်း တည်ရှိနေသော ကျေးရွာ (၁၈)ရွာအား လျှပ်စစ်မီးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဦးစံပြည့် က မိုးကောင်း မြို့နယ်၊ မီးရထားလမ်းဘေး ဝဲ/ယာတွင် တစ်စုတစ်စည်းတည်း တည်ရှိနေသော ကျေးရွာ (၁၈)ရွာအား လျှပ်စစ်မီးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား၍ ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးတို့ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်မှာရှိတဲ့ မီးရထားလမ်းဘေး တစ်လျှောက်မှာ (၆၆)ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ပြီးတော့ ချီဖွေငယ်လျှပ်စစ်ဓာတ်အားပေး စက်ရုံကနေပြီးတော့ ၂၀၁၃ ခုနှစ်၊ နှစ်ကုန်ပိုင်းလောက်ကစပြီးတော့ မိုးညှင်း၊ နန်းမား၊ မိုးကောင်းနဲ့ မြစ်ကြီးနားမြို့များကို (၂၄) နာရီ လျှပ်စစ်မီးရရှိနိုင်အောင် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ အဲဒါအပြင် မီးရထားလမ်းဘေးနားမှာရှိတဲ့ မြို့နဲ့ အလှမ်းဝေးကွာတဲ့ နမ္မတီးကျေးရွာအုပ်စုကို နန့်ခမ်းခ ရေအားလျှပ်စစ်စက်ရုံမှလည်းကောင်း၊ ဟိုပင်မြို့နယ်ခွဲအတွက် ဂလိုင်ချောင်းရေအားလျှပ်စစ်စက်ရုံမှလည်းကောင်း၊ (၁၁)ကေဗွီလိုင်း ဆွဲပြီးတော့ လျှပ်စစ်ဓာတ်အားများရရှိနိုင်အောင် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

သို့သော်လည်းပဲ မိုးကောင်းမြို့နယ်မှာရှိတဲ့ မီးရထားလမ်းဘေး ဝဲ/ယာမှာ တည်ရှိနေတဲ့ နန့်ခွင် ကျေးရွာကနေပြီးတော့ တောင်နီကျေးရွာအတွင်းမှာရှိတဲ့ ကျေးရွာ(၁၈)ရွာမှာ ယခုအချိန်အထိ လျှပ်စစ်ဓာတ်အား မရရှိသေးဘဲနဲ့ ကွက်ပြီးတော့ ကျန်ရှိနေပါတယ်။ အဲဒီကျေးရွာဟာ တောင်ကနေ မြောက် (၁၄)မိုင်လောက်ပဲ ဝေးကွာပါတယ်။ အဲဒီတော့ အိမ်ထောင်စုအနေနဲ့ (၅၀၀၀)ကျော် ရှိပြီးတော့ လူဦးရေ (၂၀၀၀၀)ကျော် ရှိပါတယ်။ အဲဒီတော့ (၁၄)မိုင်သာ တောင်ကနေ၊ မြောက်ကနေ(၁၄)မိုင်သာ

ကွာဝေးတဲ့အတွက်ကြောင့်မို့လို့ ဓာတ်အားလိုင်းဆွဲမယ်ဆိုလို့ရှိရင်လည်း တစ်ရွာချင်းကို ဆက်စပ်ပြီး ဆွဲရလို့ရှိရင် အကြမ်းဖျင်းအားဖြင့် (၂၅)မိုင် ပတ်ဝန်းကျင်လောက်ပဲ ဓာတ်အားလိုင်း ကုန်ကျမယ်လို့ ဒါ ယူဆလို့ရပါတယ်။ အဲဒီတော့ နန့်ခမ်းခ ရေအားလျှပ်စစ်နှင့် ဂလိုင်ချောင်းရေအား လျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်တဲ့အခါမှာလည်း အဲဒီကျေးရွာတိုင်းကနေပြီးတော့ မိမိစရိတ်နဲ့ (၃)ပတ်လောက် သွားပြီးတော့ လုပ်အားပေးရတယ်လို့ဆိုပါတယ်။ ဒါကလည်း သူတို့ ဒီ ရေအားလျှပ်စစ်စက်ရုံတွေ ပြီးတဲ့အခါမှာ လျှပ်စစ်ဓာတ်အား အသုံးပြုခွင့် ရမယ်ဆိုပြီးတော့ ကျေးရွာတွေက ဝမ်းသာပြီးတော့ ဒါ စိတ်ဓာတ်တက်ကြွစွာနဲ့ လုပ်အားပေးခဲ့ကြတယ်လို့ ဆိုပါတယ်။ အဲဒီတော့ ဒီ (၆၆)ကေဗွီ ဓာတ်အား လိုင်းဟာလည်း ဒီ မီးရထားလမ်းဘေးတစ်လျှောက် ဆွဲသွားတာဖြစ်ပြီးတော့ အဲဒီကျေးရွာ (၁၈)ရွာ ကလည်း မီးရထားလမ်းဘေးနားမှာပဲ ရှိနေတဲ့ရွာတွေ ဖြစ်ပါတယ်။ အဲဒီတော့ (၆၆)ကေဗွီ ဓာတ်အား လိုင်းဟာ ရွာတွေရဲ့ အပေါ်မှာ သွယ်တန်းထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျေးရွာတွေကလည်း အခြား ကျေးရွာများနည်းတူ ဒါလျှပ်စစ်ဓာတ်အားရရှိဖို့ လွှတ်တော်ကနေပြီးတော့ တင်ပြတောင်းဆို ပေးပါလို့ တင်ပြ တောင်းဆိုကြတဲ့အတွက် ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း (၃)ခုကို မေးမြန်းလိုပါတယ်ခင်ဗျား။

အဲဒီတော့ မေးခွန်း(၁)ကတော့ မိုးကောင်းမြို့နယ်၊ မီးရထားလမ်း ဘေး ဝဲ/ယာတွင် တစ်စု တစ်စည်းတည်း တည်ရှိနေတဲ့ ကျေးရွာ(၁၈)ရွာ၊ အိမ်ထောင်စုပေါင်း (၅၄၄၆)စုအား လျှပ်စစ်မီး ရရှိ နိုင်ရေး ဖြစ်နိုင်မယ့် နည်းလမ်းရှာကြံ၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။ မေးခွန်း(၂) အစီအစဉ် ရှိပါက စတင်ဆောင်ရွက်မည့် အချိန်နှင့် ပြီးစီးမည့် အချိန်။ မေးခွန်း(၃) အစီအစဉ် မရှိပါက မည်သည့် အတွက်ကြောင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**စွန့်ပစ်အမှိုက်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးစောမော်ထွန်း က စွန့်ပစ်အမှိုက်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ၊ ပညာရှင်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပြီး စွန့်ပစ်အမှိုက်များကနေပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခြင်း ရှိ/မရှိ နဲ့စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ၊ မြို့နယ်များမှာ ယခုအခါ လူဦးရေတိုးပွားလျက် ရှိပါတယ်။ လူဦးရေတိုးပွားလာမှုနဲ့အတူ လျှပ်စစ် ဓာတ်အား လိုအပ်ချက်ကလည်း ပိုမိုပြီး မြင့်မားလာပါတယ်။ ဒါကြောင့် နေ့စဉ်စွန့်ပစ်ထားတဲ့ အမှိုက်များ ကနေပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ဖို့ ဖြစ်ပါတယ်။ နိုင်ငံခြားကုမ္ပဏီများကလည်း စိတ်ဝင်စား

လျက်ရှိပါတယ်။ ရန်ကုန်မြို့မှာ နေ့စဉ် အမှိုက်တန် (၂၀၀၀)ခန့် စွန့်ပစ်လျက်ရှိပါတယ်။ (၁၆၀၀)ခန့် လို့လည်း ဒါ ပြီးခဲ့တဲ့သတင်းစာမှာ ဖော်ပြသွားတာ တွေ့ရပါတယ်။ ဒီအမှိုက် တန်ချိန် (၅၀၀)ကနေ ပြီးတော့ လျှပ်စစ်ဓာတ်အား (၁၅)မဂ္ဂါဝပ် ထုတ်လုပ်နိုင်မယ်လို့ သိရပါတယ်။

စွန့်ပစ်အမှိုက်များကနေပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဟာ တိရစ္ဆာန် မစင်ကနေပြီး တော့ ဇီဝဓာတ်ငွေ့ ထုတ်လုပ်အသုံးချသကဲ့သို့ပဲ ကျွန်တော်တို့အကျိုးရှိတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ထိန်ပင်အမှိုက်ပုံကနေပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့အတွက် ကိုရီးယားနိုင်ငံနဲ့ စာချုပ်ချုပ်ဆိုသွားတာကိုလည်း ဒါ သတင်းစာမှာ ဖော်ပြချက်အရ တွေ့ရပါတယ်။ သို့သော်လည်း ဓာတ်အားခကုန်ကျမှုစရိတ်များ ညှိနှိုင်းရန် ရှိမယ်လို့လည်း သိရပါတယ်။ သို့သော်လည်း ဒီလုပ်ငန်းစဉ်တွေကို ကြိုဆိုပါတယ်။ စင်ကာပူနိုင်ငံမှာ Waste to Energy (WTE) စွန့်ပစ်အမှိုက်မှသည် စွမ်းအင်သို့ ဆိုတဲ့ အစီအစဉ်အရ ၂၀၁၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့မှာ လျှပ်စစ်ဓာတ်အား စက်ရုံတစ်ခုကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တစ်ရက်မှာ အမှိုက် တန်(၈၀၀) သုံးစွဲပြီးတော့ လျှပ်စစ်ဓာတ်အား (၂၀)မဂ္ဂါဝပ် ထုတ်လုပ်နိုင်ကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့ ပဲခူးမြို့နယ်ရဲ့အနေနဲ့ကတော့ တစ်နေ့တစ်နေ့ကို အမှိုက်တန်ချိန် (၃၀)ခန့်သာ ထွက်ရှိပါတယ်။

ဒီအမှိုက်များကနေပြီးတော့ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်တဲ့အတွက်ကြောင့်မို့လို့ ကမ္ဘာ့ အပူချိန် ကို မြင့်တက်စေတဲ့အတွက် မီသိန်းဓာတ်ငွေ့ကို လျှော့ချပေးရာ ရောက်ပါတယ်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်အတွက် လိုအပ်တဲ့ လောင်စာ ကုန်ကျစရိတ်မရှိတော့ပါဘူး။ လောင်စာမှ ထုတ်လွှတ်မည့် ကာဗွန်ဒိုင်အောက်ဆိုဒ် အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့များကိုလည်း လျှော့ချပေးရာ ရောက်ပါတယ်။ ဒါကြောင့် ဖော်ပြပါလုပ်ငန်းစဉ်တွေဟာ နည်းပညာနှင့် ငွေကြေးအရင်းအနှီး ကုန်ကျမှုများနိုင်သော် လည်း ရေရှည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ကာကွယ်ပေးနိုင်တဲ့အတွက် ပြည်သူလူထုအတွက် များစွာ အကျိုးရှိတဲ့လုပ်ငန်း ဖြစ်ပါတယ်။ အထူးသဖြင့် မြို့၊ ရွာတွေ သန့်ရှင်းရေး၊ စိမ်းလန်း စိုပြည်ရေး ကို အထောက်အကူပြုရာ ရောက်ပါတယ်။ Clean Our City၊ Green Our City သန့်ရှင်းစေရာ မြို့တော်မှာ၊ စိမ်းလန်းစေရာ မြို့တော်မှာဆိုတဲ့ ဒါ ဆောင်ပုဒ်တွေကိုလည်း ဖော်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် အခြားမြို့များမှာ မည်သည့်အချိန်လောက်မှာ စတင်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါတဲ့အတွက် အများ ပြည်သူအကျိုးငှာ ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်ဓာတ်အားစနစ်မှ မိုးကောင်းမြို့မှတစ်ဆင့် ဖားကန့်ဒေသသို့ (၆၆)ကေဗွီဓာတ်အားလိုင်းဆွဲပြီး ဖားကန့်မြို့တွင် (၆၆)ကေဗွီဓာတ်အားခွဲ စက်ရုံတစ်ရုံတည်ဆောက်ပေး၍ လျှပ်စစ် ဓာတ်အား ဖြန့်ဖြူး ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း က နိုင်ငံတော် ဓာတ်အားစနစ် မှ မိုးကောင်းမြို့မှတစ်ဆင့် ဖားကန့်ဒေသသို့ (၆၆)ကေဗွီဓာတ်အားလိုင်းဆွဲပြီး ဖားကန့်မြို့ တွင် (၆၆)ကေဗွီဓာတ်အားခွဲ စက်ရုံတစ်ရုံ တည်ဆောက်ပေး၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဓာတ်အားစနစ်မှ မိုးကောင်းမြို့မှ တစ်ဆင့် ဖားကန့်ဒေသသို့ (၆၆)ကေဗွီဓာတ်အား လိုင်းဆွဲပြီးတော့ ဖားကန့်မြို့မှာ (၆၆)ကေဗွီ ဓာတ်အားခွဲ စက်ရုံတစ်ရုံတည်ဆောက်ပေးပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းလိုပါတယ်။ ယခုအခါ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ပေးပို့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို တည်ဆောက်ပေးခဲ့သဖြင့် ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ အထူးသဖြင့် ချီဖွေငယ် ရေအားလျှပ်စစ်စက်ရုံမှ မြစ်ကြီးနား-မိုးကောင်း-မိုးညှင်းနှင့် နဘားအထိ (၂၄)နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးလျက်ရှိသဖြင့် ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပြီး လူမှုစီးပွားဘဝလည်း တဖြည်းဖြည်း တိုးတက်မြင့်မားလာပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့နယ်ခွဲသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် စတင်ရန်သိလိုပါကြောင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၄-၃-၂၀၁၂ ရက်နေ့မှာ မေးမြန်းခဲ့ပါတယ်။ အဆိုပါမေးခွန်းကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး က ပြန်လည်ဖြေကြားတဲ့နေရာမှာ (၁) ကာမိုင်းမြို့တွင် ရပ်ကွက်(၇)ခုအား (100 KVA) ကင်းမင်းဒီဇယ်ဖြင့် ညစဉ် ၆ နာရီခွဲကနေပြီး ၈း၄၅ နာရီအထိ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ (၂) ကာမိုင်းမြို့နယ်အား ဓာတ်အားပေးစနစ်မှ ဓာတ်အားပေးနိုင်ရန် မိုးကောင်း (33/11KV) (5MVA) ဓာတ်အားခွဲရုံမှ (33KV) ဓာတ်အားလိုင်း(၂၅)မိုင် တည်ဆောက်၍ ကာမိုင်းမြို့တွင် (33/0.4KV)၊ (315 KVA) ထရန်စဖော်မာ တစ်လုံးတည်ဆောက်ပြီး ဓာတ်အားပေးရမည်ဖြစ်ပြီးတော့ စုစုပေါင်းငွေကျပ်သန်းပေါင်း (၆၀၀)ခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ (၃) မိုးကောင်းမှ ဖားကန့်ဒေသသို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်း၍ ဖားကန့်ဒေသ မီးလင်းရေး ဆောင်ရွက်တဲ့နေရာမှာ ကာမိုင်းမြို့သို့ လျှပ်စစ်ဓာတ်အား ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (၄) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေပေါ်မှာ မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းတို့ကို ပြန်လည် ဖြေကြားခဲ့ပါတယ်။

သို့ပါသော်လည်း မြန်မာနိုင်ငံရဲ့ အဓိက ကျောက်စိမ်းထွက်ရှိရာ ဒေသဖြစ်တဲ့ ဖားကန့်မြို့နယ်မှာ ယခုအချိန်အထိ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီးမရရှိသေးသဖြင့် နိုင်ငံတော်မှ ပို့လွှတ်တဲ့ လျှပ်စစ်ဓာတ်အားကို ဒေသခံပြည်သူများက မျှော်လင့်တောင့်တလျက် ရှိနေကြပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေဖြင့် မေးမြန်းတင်ပြလိုသည်မှာ နိုင်ငံတော်ဓာတ်အားစနစ်မှ မိုးကောင်းမြို့မှတစ်ဆင့် ဖားကန့်ဒေသသို့ (၆၆)ကေဗွီဓာတ်အားလိုင်းဆွဲပြီး ဖားကန့်မြို့တွင် (၆၆) ကေဗွီ

ဓာတ်အားခွဲ စက်ရုံ(၁)ရုံတည်ဆောက်ပေး၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့်၏ မေးခွန်းကို ပထမဆုံးရှင်းလင်းဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်မှာ ရှိတဲ့ မီးရထားလမ်းဘေး ဝဲ/ယာတစ်လျှောက်မှာ (၆၆)ကေဗွီဓာတ်အားလိုင်း တည်ဆောက်ပြီးတော့မှ မိုးကောင်းမြို့နယ်မှာ (၆၆/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံနဲ့ မိုးညှင်းမြို့မှာ (၆၆/၁၁) ကေဗွီ၊ (၅) အမ်ဗွီအေ ခွဲရုံ(၁)ရုံတို့ကို တည်ဆောက်ပြီးတော့မှ ၎င်းမြို့(၂)မြို့ကို ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ မိုးကောင်းခွဲရုံနဲ့ မိုးညှင်းခွဲရုံကြားမှာ အကွာအဝေး မိုင်(၆၀)ရှိပြီးတော့မှ ၎င်းဓာတ်အားလိုင်း တည်ရှိရာမှာ မီးရထား လမ်းဘေးဝဲ/ယာမှာရှိတဲ့ ကျေးရွာ(၁၈)ရွာ ဓာတ်အား ရရှိဖို့အတွက်ဆိုရင် မိုးညှင်းနဲ့ မိုးကောင်းဓာတ်အားခွဲရုံတို့ကနေပြီးတော့ (၁၁)ကေဗွီလိုင်းနဲ့ ဓာတ်အား ပေးဖို့ရန်အတွက် အကွာအဝေးအရ အသေးစိတ်လေ့လာရန် လိုအပ်ပြီးတော့မှ ၎င်းတို့ကြားမှာရှိတဲ့ ဝန်အားဗဟိုကျမယ့် သင့်တော်တဲ့ ကျေးရွာ တစ်နေရာမှာ (၆၆/၃၃) ကေဗွီ သို့မဟုတ် (၆၆/၁၁) ကေဗွီ ခွဲရုံ(၁)ရုံ တည်ဆောက်ပြီး ဓာတ်အား ဖြန့်ဖြူးရမှာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် ဘင်းဘောကျေးရွာ ဒါမှမဟုတ် အခြားသင့်တော်တဲ့ နေရာကို (၆၆) ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ရန်အတွက် ကွင်းဆင်း ရွေးချယ်ပေးသွားမှာ ဖြစ်ပါတယ်။ ထို့နောက် အဆိုပါ ကျေးရွာများ ဓာတ်အားရရှိရေးအတွက် (၃၃)ကေဗွီလိုင်း သို့မဟုတ် (၁၁) ကေဗွီလိုင်းများနဲ့ ကျေးရွာများမှာ (၃၃/၀.၄)ကေဗွီ ဒါမှမဟုတ် (၁၁/၀.၄) ကေဗွီ (၂၀၀)ကေဗွီ ထရန်စဖော်မာ (၁၈)လုံးနဲ့ (၄၀၀)ဗို့ဓာတ်အားလိုင်း ခန့်မှန်း(၁၈)မိုင်ခန့်ကို တည်ဆောက်ပေးရန် လိုအပ်ပါတယ်။ ယင်းလုပ်ငန်းများအတွက် ပဏာမခန့်မှန်းခြေကတော့ ငွေကျပ် (၁.၇) ဘီလီယံခန့် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများ တည်ဆောက်ရန်အတွက် ဘဏ္ဍာငွေ ခွင့်ပြုနိုင်မှု အခြေအနေအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာတော့ ရန်ပုံငွေ ထည့်သွင်းလျာထားနိုင်ခြင်း မရှိခဲ့ဘူး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နောင်လာမယ့်နှစ်များမှာ နှစ်အလိုက် အပိုင်းခွဲပြီးတော့မှ ထည့်သွင်းလျာထား

ပေးနိုင်ရေးအတွက် အသေးစိတ်ရေးဆွဲပြီးတော့မှ နိုင်ငံတော်ရဲ့ ရန်ပုံငွေ ခွင့်ပြုနိုင်မှုအခြေအနေအရ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ၏ မေးခွန်းကို ဆက်လက် တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သန့်ရှင်းရေးဌာနဟာ ၎င်းတို့ လက်အောက်မှာရှိတဲ့ နောက်ဆုံး အသုံးပြုနေတဲ့ စွန့်ပစ်အမှိုက်ပုံ (၂)ခုဖြစ်တဲ့ လှိုင်သာယာမြို့နယ်၊ ထိန်ပင်အမှိုက်ပုံနဲ့ ဒဂုံမြို့သစ်၊ မြောက်ပိုင်းမြို့နယ်၊ ထားဝယ်ချောင် အမှိုက်ပုံ တို့မှာ WTE (Waste To Energy) နည်းစဥ်ဖြင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် တင်ဒါခေါ်ယူ ခဲ့ပါတယ်။ ကုမ္ပဏီ(၄)ခုရဲ့ အသေးစိတ်တင်ပြချက်များအပေါ်မှာ ၂၇-၁၀-၂၀၁၃ ရက်နေ့မှာ ကျင်းပ ပြုလုပ်တဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အစည်းအဝေး အမှတ်စဥ် ၄၃/၂၀၁၃ မှ အောက် ဖော်ပြပါ ကုမ္ပဏီ (၂)ခုကို အတည်ပြု ရွေးချယ်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ပထမ ကုမ္ပဏီကတော့ ထိန်ပင်အမှိုက်ပုံမှာ CHASSON INTERNATIONAL KOREA ကုမ္ပဏီ၊ ပြည်ပကုမ္ပဏီ ဖြစ်ပါတယ်။ (၃၀)မဂ္ဂါဝပ် စက်ရုံ(၁)ရုံကို တည်ဆောက်မှာ ဖြစ်ပါတယ်။ ဒုတိယ ထားဝယ်ချောင် အမှိုက်ပုံအတွက် Zeya and Associates နဲ့ Hyundai Rotem ကုမ္ပဏီ၊ ပြည်တွင်းနဲ့ ပြည်ပ ကုမ္ပဏီ၊ ပူးပေါင်းကုမ္ပဏီ ဖြစ်ပါတယ်။ (၁၅.၄)မဂ္ဂါဝပ် စက်ရုံ(၁) ရုံကို တည်ဆောက်မှာ ဖြစ်ပါတယ်။

အဲဒီ ကုမ္ပဏီ(၂)ခုကို ရွေးချယ်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေ ပြီးတော့မှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ အဆိုပါကုမ္ပဏီ(၂)ခုမှ ထုတ်လုပ်မယ့် ဓာတ်အားဝယ်ယူရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးပေးစေရန် စေလွှတ်ခဲ့ပါတယ်။ ယင်း ဓာတ်အားပေးစက်ရုံနဲ့ ကျွန်တော်တို့ ရှိပြီးသား ဓာတ်အားပေးစနစ် ချိတ်ဆက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက် ကိစ္စရပ်များကိုလည်းကောင်း၊ အဓိကအားဖြင့် ဓာတ်အားခဈေးနှုန်းများကိုလည်းကောင်း ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ အဆိုပါ ကုမ္ပဏီ(၂)ခုတို့က ဆွေးနွေးဆဲဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အလားတူပဲ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဟာလည်း စွန့်ပစ်အမှိုက်များကနေပြီတော့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့နဲ့ ပတ်သက်ပြီးတော့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ စတုတ္ထ (၃)လပတ်မှာ BOT စနစ်နဲ့ တင်ဒါရွေးချယ်ခေါ်ယူခဲ့ရာမှာ Organic Myanmar (Thailand) ဆိုတဲ့ ကုမ္ပဏီက အောင်မြင်ပြီးတော့မှ စာချုပ်ချုပ်ဆိုဆောင်ရွက်ဖို့အတွက် နှစ်ဖက် ညှိနှိုင်း ဆောင်ရွက်လျက် ရှိကြောင်း သိရှိရပါတယ်။ နှစ်စဥ် စွန့်ပစ်အမှိုက်၊ အမှိုက်စို၊ အမှိုက်ခြောက် တန်ချိန် ပေါင်း (၆၅၀)ကို သုံးစွဲဖို့ လိုအပ်မှာဖြစ်ပြီးတော့မှ တည်ဆောက်ရေးကာလမှာ အနည်းဆုံး (၂)နှစ်ခန့် ကြာမြင့်မှာ ဖြစ်ပါတယ်။ ထုတ်လုပ်မယ့် ဓာတ်အားကတော့ (၁၄.၈)မဂ္ဂါဝပ် ဓာတ်အား ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနဲ့ Organic Myanmar (Thailand) ကုမ္ပဏီတို့ဟာ နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြား အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြအုန်း ၏ မေးခွန်းကို ဆက်လက် တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ဓာတ်အားစနစ်ကနေ မိုးကောင်းမြို့မှတစ်ဆင့် ဖားကန့်မြို့ကို ဓာတ်အားဖြန့်ဖြူးပေးရန် မိုးကောင်း၊ ဖားကန့် (၆၆)ကေဗွီဓာတ်အားလိုင်း (၅၅)မိုင်နဲ့ မိုးကောင်းမြို့မှာ (၆၆) ကေဗွီ Switch Bay(၁)ခုကို တည်ဆောက်ပြီးတော့မှ ဖားကန့်မြို့မှာ (၆၆/၁၁)ကေဗွီ၊ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံကို တည်ဆောက်မှာ ဖြစ်ပြီးတော့ ယင်း စီမံကိန်းတည်ဆောက်မှု ကုန်ကျစရိတ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေထဲမှာ ထည့်သွင်းလျာထားပေးခဲ့ပါတယ်။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာငွေနှစ်အတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်မယ့် စီမံကိန်းလုပ်ငန်းများကို ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်းကျပ် (၈၈၉.၁၈၁)ဘီလီယံ အသုံးပြုခွင့်ရရှိရေး လျာထားခဲ့ပါတယ်။ မူလလျာထားခဲ့တဲ့ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်းမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကတိကဝတ်စီမံကိန်း (၄၁)ခုနဲ့ လုပ်ငန်း(၇)ခု အပါအဝင် စီမံကိန်းပေါင်း(၇၅)ခုနှင့် လုပ်ငန်းပေါင်း (၃၂၀)ကို ဆောင်ရွက်ရန် လျာထားတင်ပြ ခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ အမျိုးသားစီမံကိန်းလျာထားချက်မှာ ကဏ္ဍအလိုက်ပါဝင်မှု ရာခိုင်နှုန်းအချိုးညီစွာ ပါဝင်နိုင်ရန်အတွက် စိစစ်ခဲ့ရာမှာ လျှပ်စစ်ကဏ္ဍအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်မယ့် စီမံကိန်းများအတွက် စုစုပေါင်း ငွေကျပ် ဘီလီယံ (၅၂၆.၇၃၄)သာ အသုံးပြု ခွင့်ကို ပြည်သူ့လွှတ်တော်အဆင့်ဆင့်မှာ စိစစ်မှု ခံယူလျက်ရှိပါတယ်။ ယင်း ငွေလုံးငွေရင်း ပမာဏမှာ နိုင်ငံပိုင်ငွေ၊ ပြည်ထောင်စုဘတ်ဂျတ် ကျပ်(၂၆၈.၉၉၇) ဘီလီယံနဲ့ နိုင်ငံခြားချေးငွေ (၂၃၂.၆၆၉) ဘီလီယံ ပါဝင်ပြီးတော့မှ ပြည်ပထောက်ပံ့ငွေ ကျပ်ဘီလီယံ (၂၅.၀၆၇)ဘီလီယံ ပါဝင်ခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ပြည်ထောင်စုဘတ်ဂျတ်ဖြင့် သုံးစွဲမည့် နိုင်ငံပိုင်ငွေပမာဏမှာတော့ ရာခိုင်နှုန်းအားဖြင့် (၅၁)ရာခိုင်နှုန်းခန့်သာ လျာထားနိုင်ခဲ့ပါတယ်။ ယင်းပြည်ထောင်စုဘတ်ဂျတ်မှ သုံးစွဲမည့် ငွေကျပ် (၂၆၈.၉၉၇)ဘီလီယံဖြင့် လွှတ်တော်ကတိကဝတ်စီမံကိန်း(၂၄)ခု အပါအဝင် စီမံကိန်းပေါင်း(၃၉)ခုနဲ့ လုပ်ငန်းပေါင်း (၁၄၀)ခုတို့ကို ဆောင်ရွက်သွားနိုင်ရေးအတွက် စိစစ်မှု ခံယူနေဆဲ ဖြစ်ပါတယ်။ စီမံကိန်းများလျာထားရာမှာ နိုင်ငံခြားချေးငွေ၊ ပြည်ပထောက်ပံ့ငွေများ အသုံးပြုမည့် စီမံကိန်းများကို ဦးစားပေးထည့်သွင်းခဲ့ရသဖြင့် နိုင်ငံပိုင်ငွေအနေနဲ့ ဆောင်ရွက်မည့် စီမံကိန်းများအနက် အချို့စီမံကိန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်နိုင်ခြင်း မရှိဘဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာသာ ထည့်သွင်းလျာထားရန် ပြင်ဆင်ဆောင်ရွက်ခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့မှတစ်ဆင့် ဖားကန့်မြို့သို့ နိုင်ငံပိုင်ဓာတ်အားမှတစ်ဆင့် ဓာတ်အားပေးနိုင်ရန်အတွက် အထက်ပါလုပ်ငန်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေမှာ ထည့်သွင်းနိုင်ရန်အတွက် ဆောင်ရွက်နေဆဲ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ က ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးအောင်ချိုဦး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးအပ်ချက်အရ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ
ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄ - ၉၇
ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ မတ် လ ၃ ရက်

၁။ ပြည်သူ့လွှတ်တော်က အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ၁၄ - ၂ - ၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေး နိုင်ရန် ပေးပို့လာပါသည်။အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို ၂၆ -၂ -၂၀၁၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့်ဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဋ) တို့တွင်ဖော်ပြထားချက်များအစား ရေးထုံးမှန်ကန်စေရန်အတွက်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဎ)တွင် ဖော်ပြထားချက်များအစား လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ပိုမိုတိကျ ပေါ်လွင်စေရန် အတွက်လည်းကောင်း အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ၂။ (ခ) ပြည်ထောင်စုအစိုးရအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ကိုဆိုသည်။

ပုဒ်မ၂။ (ဋ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

ပုဒ်မ၂။ (ဎ) ညွှန်ကြားရေးမှူး ဆိုသည်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် က အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်အတွက် တာဝန်ပေးအပ်ထားသော ညွှန်ကြားရေးမှူး ကိုဆိုသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၁ တွင် ဖော်ပြထားသော နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ သတ်မှတ်ချက်များနှင့် ဆီလျော်ညီညွတ်မှု ရှိစေရန်အတွက် အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်၂။ (စ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းအဖွဲ့များ မှတ်ပုံတင်ရေးဆောင်ရွက်ပေးသည့်အဖွဲ့ ကိုဆိုသည်။

ပုဒ်မ၄။ (ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၊

ပုဒ်မ၅။ (ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းရမည်-

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးဥက္ကဋ္ဌ ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦး

(၂) ခရိုင်တပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းအဖွဲ့များမှ ရွေးချယ်သော ကိုယ်စားလှယ်နှစ်ဦး အဖွဲ့ဝင်

(၄) လက်ထောက်ညွှန်ကြားရေးမှူး၊ အတွင်းရေးမှူး ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန

ပုဒ်မ၁၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေး အဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန် မလို။

(ဂ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၇၊ ပုဒ်မခွဲ (ည)တွင် ဖော်ပြထားသော "ဖွဲ့စည်းပုံနှင့် စည်းမျဉ်း" ဆိုသည့် စကားရပ်ကို ပိုမိုတိကျမှု ရှိစေရန် အတွက် "အသင်းဖွဲ့စည်းပုံနှင့် စည်းမျဉ်း" ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၁၂ တွင် ဖော်ပြထားချက်များအစား အရေးအသား ရှင်းလင်းမှုရှိစေရန်အတွက် အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ၁၃။ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာခရိုင်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့် ရှိသည်။ မှတ်ပုံတင်ကြေးပေးသွင်းရန် မလို။ သက်ဆိုင်ရာခရိုင်အတွင်းရှိ အခြားမြို့နယ်များသို့ သွားရောက်လှုပ်ရှားလိုပါက သွားရောက်လိုသော မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့သို့ အသိပေးတင်ပြရမည်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၃၅ တွင် ဖော်ပြထားချက်များအစား အသင်းအဖွဲ့ ကိုယ်စားပြု ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရာတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့် ပိုမိုများပြားစေရန်အတွက် အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ၃၆။ အဆင့်ဆင့်သော မှတ်ပုံတင်အဖွဲ့များအတွက် အသင်းအဖွဲ့ကိုယ်စားပြု ကိုယ်စားလှယ်များကို နှစ်နှစ်လျှင် တစ်ကြိမ် အသင်းအဖွဲ့များ၏အစီအစဉ်ဖြင့် ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်နိုင်သည်။

(စ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၃၆ တွင် ဖော်ပြထားချက်များအစား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ (က)နှင့် ညီညွတ်မှုရှိစေရန်အတွက် အောက်ပါအတိုင်းပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည် -

ပုဒ်မ၃၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့တို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဆ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းတွင် ပါရှိသောပြည်ထောင်စုအဆင့်မှတ်ပုံတင်ရေးအဖွဲ့ ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် မှတ်ပုံတင်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်မှတ်ပုံတင်ရေးအဖွဲ့ဆိုသည့်စကားရပ်များကို အရေးအသားမှန်ကန်ညီညွတ်မှု ရှိစေရန်အတွက် ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့နှင့် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို

ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၀-၃-၂၀၁၄ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်း နိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၄)ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၄)နှင့်စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် ငါးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးနု ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၉။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးသို့ တင်သွင်းတဲ့ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၄)နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၄)ဟာ အလွန်ပြည့်စုံကောင်းမွန်တဲ့ အဆင့်မြင့် အစီရင်ခံစာ တစ်ခုအဖြစ် ကျွန်တော်တို့ အသိအမှတ်ပြုကြရမှာ ဖြစ်ပါ တယ်။ ကော်မတီအနေဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာ အစီရင်ခံစာ (၁/၂၀၁၂)ကို တင်ပြ၍လည်းကောင်း၊ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာတော့ဖြင့် အစီရင်ခံစာ (၁/၂၀၁၃)ကို လည်းကောင်း လွှတ်တော်သို့ တင်သွင်းနိုင်ခဲ့ပြီး လွှတ်တော်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက် ဆိုတဲ့ ဆောင်ပုဒ်ကို လက်တွေ့ကျကျ အလေးအနက်ဖော်ဆောင် ပေးလျက်ရှိနေ ကြောင်း ကော်မတီရဲ့ အစီရင်ခံစာကို လေ့လာဖတ်ရှုခြင်းအားဖြင့် သိရှိနိုင်မှာဖြစ်လို့ ဝမ်းမြောက် ဂုဏ်ယူမဆုံး ဖြစ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်သို့ အဆိုများတင်သွင်းခဲ့ရာမှာ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းများအား အရေးယူအပြစ်ပေးရာမှာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနဲ့အညီ စစ်ဆေးခြင်းမပြုဘဲ

တိုက်ရိုက်ထုတ်ပယ်မှုများကြောင့် ဝန်ထမ်းများ ထုချေဖြေရှင်းခွင့် မရသဖြင့် နစ်နာမှုများ ရှိနေပါ၍ ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ စစ်ဆေးဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ ယနေ့နိုင်ငံတော်မှာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် အကောင်အထည်ဖော်နေချိန် တရားစီရင်ရေးကဏ္ဍအနေဖြင့် တရားမျှတစွာ မှန်ကန်သည့်တရားစီရင်ရေး ဖြစ်ပေါ်စေရေး ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တိုက်တွန်းကြောင်း အဆိုတို့ဟာ လက်ရှိဖြစ်စဉ် ဖြစ်ရပ်များအပေါ်မှာ အခြေခံပြီး အလေးအနက် ဖော်ပြပေးသင့်သည့် အဆိုများဖြစ်နေပါ၍ နိုင်ငံ့ဝန်ထမ်း များနဲ့တကွ ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလျက် ရှိနေကြောင်း ကြားသိရတဲ့အတွက် ကော်မတီရဲ့ ကြိုးပမ်းချက်ကို ချီးကျူးဂုဏ်ယူမဆုံး ဖြစ်ရပြန်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာ အကြောင်းခြင်းရာများအနက် စိတ်ဝင်စားဖွယ်ရာ ဖြစ်ရပ် နှစ်ခု၊ တရားစီရင်ရေးနဲ့ ဆိုင်တဲ့ကိစ္စကို အကျဉ်းမျှ ကျွန်တော်တင်ပြသွားလိုပါတယ်။ ပထမ တင်ပြလိုတဲ့ အကြောင်းခြင်းရာကတော့ အစီရင်ခံစာပါ ကော်မတီအနေနဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး၊ ဒသမနေ့ဖြစ်တဲ့ ၂၀၁၃ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့မှာ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုရွာ ဒေါ်မစန်း ရဲ့ အမှုကိစ္စအား ကွင်းဆင်းစစ်ဆေး တင်ပြချက် အစီရင်ခံစာမှာ ကော်မတီရဲ့ အကြံပြုတင်ပြချက်များအပေါ် အလေးအနက် အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုတရားလွှတ်တော် သို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ပြန်ပါတယ်။ ကော်မတီရဲ့ အကြံပြုတင်ပြချက်များမှာ အဓိကအဖြစ် ဒေါ်မစန်း ရဲ့ နစ်နာဆုံးရှုံးမှုမှာ ဥပဒေရဲ့ အကာအကွယ်ကို မှန်ကန်စွာ မရရှိခဲ့ရ၍ တရားလွှတ်တော်ချုပ်အနေဖြင့် ဥပဒေနည်းလမ်းအရ ပြန်လည်ကုစားပေးနိုင်ရန် ဝါယမ စိုက်ထုတ် စီစဉ် ဆောင်ရွက်သင့်ကြောင်း၊ တရားရေးမဏ္ဍိုင်အပေါ်မှာ ပြည်သူတို့ အားကိုးယုံကြည်မှု မထိခိုက်မီ တာဝန်ရှိ သူများအား ထိုက်သင့်သလို ပွင့်လင်းမြင်သာစွာ ဖော်ထုတ်အရေးယူသင့်ကြောင်း စတဲ့ အခက်အလက် များကို ကော်မတီက အလေးအနက် အဆိုပြု တင်ပြသွားကြောင်းကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်မစန်း ရဲ့ အမှုကိစ္စနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးမြသိမ်း က ခရိုင်တရားသူကြီးရဲ့ အဆုံးအဖြတ်ဟာ မှန်ကန်ကြောင်း၊ နောက်ထပ် စုံစမ်းရန် မလိုအပ်တော့ကြောင်းဖြင့် ပြောကြားသွားခဲ့ပြီးတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးညွန့် ကတော့ ကာလစည်းကမ်းသတ်ဥပဒေအရ ဒေါ်မစန်း ရဲ့ တိုင်ကြားစာကို ခွင့်ပြုရန် မသင့် ကြောင်း၊ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ စစ်ဆေးတွေ့ရှိချက်များဟာ ဥပဒေနဲ့ ညီညွတ်ရန်လိုကြောင်း၊ တရားရုံးစီရင်ချက်ကို ဥပဒေနဲ့မညီဟု ပြောဆိုခွင့်မရှိကြောင်း၊ လွတ်လပ်စွာ တရားစီရင်ခွင့်ကို ထိခိုက်နိုင် ကြောင်း စသည် စသည်အားဖြင့် တင်ပြသွားပြီး အဆိုကို အတည် မပြုသင့်ကြောင်း တင်ပြသွားတာ တွေ့ရပါတယ်။ တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကလည်းပဲ လွှတ်တော်သို့ အစီရင်ခံတင်ပြရာမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စား လာရောက်ဖြေကြား သော တရားလွှတ်တော်ချုပ်တရားသူကြီး တစ်ဦးအနေနဲ့ အမျိုးသားလွှတ်တော်ကြီးကို လာရောက် ဖြေကြားသည်နှင့်မတူဘဲ သာမန်လက်အောက်ခံ တရားရုံးသို့ တရားရုံး အဆင့်ဆင့်ဆက်ဆံနေသည့်

ပုံစံမျိုးဖြင့် တရားရုံးချုပ်က ပြောဆိုဖြေကြားနေခြင်းမျိုး ဖြစ်နေကြောင်း၊ လွှတ်တော်၏ဂုဏ်သိက္ခာနှင့် ပြည်သူတို့၏၊ ကိုယ်စားလှယ်တို့၏ အခန်းကဏ္ဍကို လေးစားရန် လိုအပ်ကြောင်း စသည်ဖြင့် ဥပဒေရှုထောင့်မှ ဖြစ်ရပ်မှန်များကို စိစစ်သုံးသပ် တင်ပြသွားတာကို တွေ့ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးစိုးညွန့် က မိမိတင်ပြချက်များ လွှတ်တော်၏ ဂုဏ်သိက္ခာကို ထိခိုက်မယ်ဆိုလို့ရှိရင် တောင်းပန်ပါကြောင်း၊ ဥပဒေကြမ်းကော်မတီရဲ့ အပြုသဘောဆောင်တဲ့ ဆွေးနွေးတင်ပြချက်များ၊ ထောက်ပြချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေနဲ့ များစွာဝမ်းမြောက်ပါကြောင်း၊ ဒီဆောင်ရွက်ချက်များကို လိုက်နာသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေရှင်း တင်ပြသွားခဲ့ပေမယ့် ကော်မတီရဲ့အစီရင်ခံစာ ၁/၂၀၁၄ တင်သွင်းခဲ့တဲ့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့အထိ (၈)လခန့် အချိန်ကြာညောင်းသွားပြီ ဖြစ်သော်လည်း အောက်ခြေတွင် တစ်စုံတစ်ရာ သိသာမြင်သာစွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်း မရှိသေးသည်မှာ ဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်အဖြစ် တည်ရှိနေဆဲ ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ အစီရင်ခံစာမှာပါရှိတဲ့ ဒုတိယစိတ်ဝင်စားဖွယ်ရာ ဖြစ်ရပ်တစ်ခုကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ လွယ်မောက်တောင် ဘုရားပွဲ လူသတ်မှု မကျူးလွန်ဘဲနဲ့ အပြစ်ဒဏ်ကျခံနေရတဲ့ မောင်ဝင်းအောင် အမှုတွဲကိစ္စနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ခြင်း၊ ကော်မတီက ယင်းကိစ္စကို လွှတ်တော်သို့ အလေးအနက် တင်ပြခဲ့ခြင်းများကြောင့် ပြစ်ဒဏ်မှလွတ်ငြိမ်းသွားမည် ဖြစ်ကြောင်း မင်္ဂလာသတင်းကောင်း ကြားရသည့်အတွက် ကြည်နူးဝမ်းမြောက်မဆုံးလည်း ဖြစ်ရ ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကော်မတီ၏ ကြိုးပမ်းလုပ်ဆောင် အောင်မြင်ကြသည့် ဂုဏ်သတင်းများ ကြောင့် ပြည်တွင်း/ပြည်ပမှ ပုဂ္ဂိုလ်အဖွဲ့အစည်းများကလည်း ယုံကြည်လေးစား ပိုမိုအားထား လာကြကြောင်း ကြားသိရပါတယ်။ နိဂုံးချုပ်အနေဖြင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့သို့ ပေးပို့ခဲ့တဲ့ ပြည်သူတို့၏ တိုင်ကြားစာများ၊ အသနားခံစာများကို အချိန်နဲ့တစ်ပြေးညီ ဆောလျင်စွာ ဆောင်ရွက်ပေးပါရန် တင်ပြချက်ကို အလေးအနက်ထောက်ခံရင်း ကော်မတီရဲ့ အစီရင်ခံစာ ၁/၂၀၁၄ ကို ဝမ်းမြောက် ဝမ်းသာ ချီးကျူးကြိုဆိုပါကြောင်း ထောက်ခံရင်း ကျွန်တော့်၏ဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးများစွာတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၆။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ

နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ အစီရင်ခံစာထဲမှာ ကျွန်တော် ဆွေးနွေးတင်ပြလိုတာကတော့ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်တဲ့သူများနဲ့ ပတ်သက်တဲ့ ကိစ္စဖြစ်ပါတယ်။ ကျွန်တော်ဒီကိစ္စကို ရန်ကုန်မြို့ အမျိုးသားမော်ကွန်းတိုက်ကို သွားရောက်ပြီး စုံစမ်းတဲ့အခါမှာ ၁၉၈၀ ခုနှစ်ကနေ ၁၉၈၆ ခုနှစ်အထိ ပထမအဆင့် ချီးမြှင့်ခံရသူက (၄၂၆)ဦး၊ သေဆုံးတာ (၆၂)ဦးနဲ့ ကျန်တာ (၃၆၂)ဦး၊ ဒုတိယအဆင့်ရသူ (၃၉၇)ဦးနဲ့ သေဆုံးတာ (၄၆)ဦး၊ ကျန်တာ (၃၁၅)ဦး၊ အဲဒါကြောင့် ကျွန်တော်တို့ စတင်ပေးစဉ်က (၈၂၁)ဦးရှိခဲ့ပြီးတော့ သေဆုံးတာ (၁၀၈)ဦး၊ ကျန်တာ (၇၁၃)ဦးလို့ သိရသော်လည်းပဲ ၁၉၈၈ နောက်ပိုင်းမှာ စာရင်းကောက်ယူခြင်း မရှိတော့ဘူးလို့ သိရပါတယ်။ သူတို့ဟာ ၁၉၈၀ ခုနှစ်က တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေ ပထမအဆင့်မှာ သုံးသောင်း ရရှိခဲ့ပြီးတော့ ဒုတိယအဆင့်မှာကတော့ တစ်သောင်းခွဲ ရရှိခဲ့ပါတယ်။ လစဉ်ချီးမြှင့်ငွေကတော့ ပထမအဆင့် ရရှိသူ များဟာ ခြောက်ရာ ကျပ် ရရှိပြီးတော့ ဒုတိယအဆင့်ရရှိသူများ သုံးရာကျပ် ရရှိပါတယ်။

ဒါကြောင့်မို့ ဒီအသနားခံတဲ့ ဒီနိုင်ငံ့ဂုဏ်ရည်ဘွဲ့ရ ပုဂ္ဂိုလ်ကြီးက ဒါတွေကို တိုးတက်ပြီး ချီးမြှင့်ပေးဖို့ အသနားခံတဲ့အခါမှာ နိုင်ငံတော်သမ္မတကြီးရုံးကနေ ပြန်လာတာက နိုင်ငံတော်ရဲ့ စီးပွားရေးတိုးတက်လာတဲ့အခါမှာ ဒါကို တိုးမြှင့်ပေးပါမယ်လို့ သိရတဲ့အခါကျ ကျွန်တော် ပင်စင်ဦးစီး ဌာနကို မနေ့က ထပ်မံစုံစမ်းကြည့်တဲ့အခါမှာ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးက တကယ်တမ်း လစာထုတ်နေတဲ့ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရသူဟာ (၂၆)ဦးသာလျှင် ရှိတော့တယ်။ ကျွန်တော်တို့ဆီကို လာရောက် မဆက်သွယ်တဲ့သူ ရှိနိုင်တယ်။ အများဆုံးကတော့ (၃၅)ဦးထက် မပိုပါဘူးလို့ ဖြေကြား ပါတယ်။ ၃-၃-၂၀၁၄ တစ်မြန်မနေ့က ကွယ်လွန်သွားတဲ့ နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့် ဦးခင်အေး၊ သူကတော့ ပင်စင်ထုတ်ယူတဲ့အထဲမှာ မပါ ပါဘူးလို့ အကြောင်းပြန်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပင်စင်ဦးစီးဌာနရဲ့ ဖြေကြားချက်အရ ဆိုလို့ရှိရင်တော့ ဒါဟာ တကယ်တမ်း ထုတ်နေတာကတော့ (၂၆)ယောက်ပဲ ကျန်တော့တယ်ဆိုတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။

ဒီ(၂၆)ယောက်လေးကို တစ်လကို သုံးသောင်းလောက်သာ ပေးလိုက်မယ်ဆိုရင် နိုင်ငံအတွက် အများကြီး စီးပွားရေးအရ ချွတ်ခြုံကျပြီး နစ်နာသွားလိမ့်မယ်လို့လည်း ကျွန်တော် မထင်ပါဘူး။ ဒါကြောင့်မို့လို့ နိုင်ငံစီးပွားရေး တိုးတက်မှ သူတို့ကို ချီးမြှင့်ပေးမယ်ဆိုတဲ့အစား ဒီကိစ္စကို ပြန်လည် ပြီးတော့ သုံးသပ်သင့်တယ်။ ကော်မတီရဲ့ ဆွေးနွေးချက်အတိုင်း ပြန်လည်စဉ်းစား သင့်တယ်လို့ ကျွန်တော် ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးမြင့်ထွန်း ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၀း၄၉။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်း ဒေသကြီး၊

မဲဆန္ဒနယ်အမှတ်(၁၀)က ဦးမြင့်ထွန်း ဖြစ်ပါတယ်။ တိုင်ကြားစာကော်မတီရဲ့ အစီရင်ခံစာနဲ့ ပတ်သက်လို့ တင်ပြဆွေးနွေး ထောက်ခံသွားမှာလည်း ဖြစ်ပါတယ်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အပိုင်းတွေကို အားနည်းချက်ရှာတာမဟုတ်ဘဲနဲ့ ဝိုင်းစဉ်းစားပေးတာပါ။ ပြည်သူတွေ ပိုပြီးတော့ ယုံကြည်အားကိုး လာအောင်လည်း အကြံပြုပေးတာပါ။ အစီရင်ခံစာကို ထောက်ခံရင်း အားလုံးကို အပြုသဘောနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ အင်္ဂလိပ်စာလုံးလေးများ ပါရင်လည်း ခွင့်ပြုပေးပါလို့ ဥက္ကဋ္ဌကြီးထံ ကြိုတင်ခွင့်ပြုချက် တောင်းခံအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ တိုင်ကြားစာ အစီရင်ခံစာ စာမျက်နှာ ၁၅ မှာ တိုင်စာတစ်သောင်းကျော်ထဲက အစိုးရတို့၊ တရားလွှတ်တော်ချုပ်တို့ဆီကို စိစစ်ပြီးတော့ ပို့တဲ့ တိုင်စာ အမှုတွဲစောင်ရေက (၁၂၉၆)စောင်၊ ပြန်ကြားလာတာက (၅၁၂)စောင်ဆိုတော့ (၇၅၀)ကျော် ကျန်နေပါတယ်။ ပြန်ကြားမှုကတော့ တော်တော်ပဲ နှေးနေပါတယ်။ ဒါ နောင် ဝင်လာဦးမယ့် တိုင်စာတွေလည်း ရှိပါသေးတယ်။ ဒီအစီရင်ခံစာထဲမှာကြည့်ရင် (၂)နှစ်ကျော်မှ အစိုးရက ပြန်ကြားလာတယ်ဆိုတာတွေလည်း တွေ့ရပါတယ်။ အမြန်လမ်းမကြီး တကူးတက ဖောက်ပြီး (၅)မိုင် (၁၀)မိုင်နှုန်းနဲ့ ကားမောင်းနေသလို ဖြစ်နေပါတယ်။ ဒါက သာမန်အားဖြင့် ကြည့်ရင်တော့ အရေးမကြီးဘူးလို့ ထင်ကောင်းထင်မိနိုင်ပါတယ်။ ပြောရမယ်ဆိုရင် ပြည်သူတွေရဲ့ မျက်ရည်တွေ၊ တောင့်တမှုတွေ၊ အားကိုးမှုတွေ၊ ကြေကွဲမှုတွေ၊ ခံစားချက်တွေ ဒီလိုပဲ ကျွန်တော် ပြောလိုပါတယ်။ ဒါတွေကို အုပ်ချုပ်သူအပိုင်းနဲ့ တရားစီရင်ရေး အပိုင်းတို့က အလေးထားမှု လျော့နည်းနေမယ်ဆိုရင် ဒါ ဘာကြောင့်လဲ သူတို့မှာလည်း အခက်အခဲတွေ ရှိတော့ရှိမှာပါ။ အလုပ်ရှုပ်လို့လား၊ အချိန်မရလို့လား ဒါ အထူးတလည် သုံးသပ်ဖို့၊ Research လုပ်ဖို့တောင် လိုနေပါပြီ။ ခေတ်အဆက်ဆက်မှာ အတွေ့အကြုံတွေလည်း ရှိခဲ့ကြပြီဖြစ်လို့ နမူနာတွေ ကျွန်တော် ရေကင်း မပြလိုတော့ပါဘူး။ တိုင်စာ၊ အသနားခံစာနဲ့ပတ်သက်လို့ တာဝန်ယူတဲ့ပုဂ္ဂိုလ်တွေ၊ ဝန်ထမ်းတွေဟာ အထူးအရည်အချင်းတွေ ရှိရမယ်လို့တောင် ထင်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အတွေ့အကြုံသဘောအားဖြင့်တင်ပြရရင် လုပ်ပိုင်ခွင့်လေးတွေ ရလာကြပြီဆိုတာနဲ့ တာဝန်ရှိသူ တချို့တလေဟာ Psychic Imflation ဖြစ်လာတတ်ကြပါတယ်။ စိတ်ပညာအရ သဘာဝပါ။ အပြစ်ပြောတာ မဟုတ်ပါဘူး။ စာအုပ်ထဲမှာ ဖတ်မိတာပါ။ စိတ်ဖောင်းပွတယ်လို့ပဲ ခေါ်မလား၊ စိတ်ယိုင်တယ်လို့ ခေါ်မလား၊ မာနတက်တယ် ခေါ်မလား၊ အတွေးအမြင်ပြောင်းသွားတယ် ခေါ်မလား၊ ဒါ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးအဆင့်တွေမှာ တောင် ဖြစ်တတ်ပါတယ်။ တချို့ဆိုရင် ပြည်သူကို ဗဟိုပြုရမယ် ဆိုတာကိုတော့ သိကြပါတယ်။ ဒါပေမဲ့ လက်တွေ့လုပ်ရပ်က ကိုယ်ရေးကိုယ်တာကိစ္စတွေနဲ့ပဲ ရောထွေးသွား ကြတာတွေလည်း တွေ့ရပါတယ်။ တချို့ကျတော့လည်း ဘာကိုယ်ရေးကိုယ်တာမှတော့ မရှိကြပါဘူး။

ဒါပေမဲ့ ဘယ်သူနဲ့မှ အဆင်မပြေပြန်ဘူး။ ဆက်ဆံရေး အားနည်းတဲ့ သဘောလေးတွေ၊ တင်းမာတဲ့သဘောလေးတွေ တွေ့ကြရပါတယ်။ တချို့ကျတော့လည်း အကြံပေးတာ၊ ဝေဖန်တာ၊ ညှိနှိုင်းတင်ပြတာတွေ မကြိုက်ကြပါဘူး။ အင်္ဂလိပ်လိုတော့ ကျွန်တော်တို့ EGO ပဲ ခေါ်မလား၊ အတ္တလား၊ ဘဝင်စိတ်လား ဒါ ဒီလိုပါ။ ဒါတွေလည်း သဘာဝတွေပါ။ တစ်ယောက်တလေကလည်း အရေးပါတဲ့ တာဝန်တွေမှာ Crazy ဖြစ်ပြီးတော့ ဝီရိယလွန်ကဲတာတွေလည်း တွေ့ရပါတယ်။ ဒီနေရာမှာ

Crazy ဆိုတာ ကျွန်တော်က ရူးသွပ်တာကို ဆိုလိုတာ မဟုတ်ပါဘူး။ ဘောလုံးပွဲတို့၊ ဂီတတို့ အနုပညာတို့မှာ Crazy ဖြစ်တဲ့သဘောပါ စိတ်ဝင်စားမှု လွန်ကဲတယ်လို့ ကျွန်တော် မြင်ပါတယ်။

အဲဒီလိုဖြစ်လာလို့ရှိရင် တစ်ခါတလေ ပတ်ဝန်းကျင်နဲ့ သဟဇာတ မဖြစ်တဲ့ အပြုအမူလေးတွေ ဖြစ်တတ်ပါတယ်။ အရေးကြီးတဲ့ လုပ်ငန်းတွေမှာ မပီပြင်တာတွေလည်း တွေ့ရပါတယ်။ တာဝန်တစ်ရပ်ရပ် ပေးတော့မယ်ဆိုရင် ဒါလေးတွေ ထည့်စဉ်းစားလိုက်ရင် ပိုကောင်းမယ်လို့ အကြံပြုတာပါ။ အစိုးရဌာနတွေမှာတောင်မှ အခြားအဆင့်ကနေ အရာရှိအဆင့်ဖြေရတော့မယ်ဆိုရင် Psycho Test ကို မဖြစ်မနေ လုပ်ကြရ ဖြေကြရပါတယ်။ ဒါ အင်မတန်ကောင်းတဲ့ စနစ်တွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော့်အမြင်တော့ ဒီလို ပြည်သူတွေရဲ့ တိုင်စာတွေ၊ အသနားခံစာတွေကို တာဝန်ယူရတဲ့ အုပ်ချုပ်မှုအပိုင်းက ဝန်ထမ်းတွေ၊ တာဝန်ရှိသူတွေဟာ သည်းခံစိတ်ရှိရမယ်၊ လောဘ၊ ဒေါသ၊ မောဟ ကင်းရမယ်၊ သဘောထားကြီးရမယ်၊ စိတ်ရှည်ရမယ်၊ နူးညံ့ရမယ်၊ ကိုယ်ချင်းစာတတ်ရမယ်၊ ရိုးသားပွင့်လင်းရမယ်၊ လုပ်ထုံးလုပ်နည်း နားလည်ရမယ်၊ ဆက်ဆံရေး ကောင်းရမယ်၊ ပြည်သူအပေါ် သစ္စာရှိရမယ်၊ ယဉ်ကျေးသိမ်မွေ့ပြီး သနားကြင်နာ တတ်ရမယ်၊ အလုပ်အပင်ပန်းခံရမယ်၊ ဝီရိယ ရှိရမယ်၊ ကိုယ်ကျိုးနည်းရမယ် ဒီလိုပဲ မြင်ပါတယ်။ ဒီလိုမှပဲ ဒီတာဝန်နဲ့ ကိုက်ညီမယ်လို့ တင်ပြလိုပါတယ်။ ဒီလိုအရည်အချင်းမျိုးတွေ ကျွန်တော်တို့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်တွေမှာလည်း တော်တော်များများ တွေ့ရပါတယ်။ ဘာလို့လဲဆိုတော့ လူ (၁၀)ယောက်ကနေ တစ်ယောက်ကို ရွေးတာနဲ့ လူ (၁၀၀)ကနေ တစ်ယောက်ကို ရွေးတာ မတူပါဘူး။ တစ်ခါ လူ (၁၀၀)ကနေ ရွေးတာနဲ့ တစ်မြို့ကနေ လူတစ်ယောက်ကိုရွေးတာ မတူပါဘူး။

ဒါကြောင့် ကိုယ်စားလှယ်ချင်း ယှဉ်ရင်တောင်မှ ကျွန်တော်တို့ သာတယ်လို့တောင် ခံစားမိပါတယ်။ ဒါ ကျွန်တော့် အထင်ပြောတာပါ။ ကျွန်တော့်အထင် မှားရင်လည်း မှားမှာပါ၊ ဒါပေမဲ့ မှန်ရင်လည်း မှန်မှာပါ။

နောင်ဆိုလို့ရှိရင် အမျိုးသားလွှတ်တော်တောင်မှ သက်တမ်းဟာ တခြားလွှတ်တော်တွေနဲ့ စာရင် ပိုသင့်ရင်လည်း ပိုရမယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေ ဘာတွေပြင်ရင် နောင်လာ နောက်သားတွေအတွက် ကျွန်တော် သင်ခန်းစာလေးလည်း ပြောခဲ့ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့နိုင်ငံတွေမှာ Upper House အမျိုးသားလွှတ်တော်ဆိုတာ ဒါအတွေ့အကြုံရှိတဲ့လူ၊ ပညာရှင်တွေ၊ လုပ်ရည်ကိုင်ရည်ရှိတဲ့လူတွေ လွှတ်တော်နှစ်ခုလုံး တစ်ပြိုင်နက် သက်တမ်းကုန်သွားမယ်ဆိုရင် တကယ်လို့ လူသစ်တွေနဲ့တက်လာမယ်ဆိုရင် ဒီလူသစ်တွေက ရှေ့ကအဟောင်းတွေနဲ့ မချိတ်မိလိုက်ရင် နိုင်ငံတော်အတွက်လည်း အကျိုးနည်းနိုင်ပါတယ်လို့ ကျွန်တော် သွားတွေးမိပါတယ်။ ဒါ အလျဉ်းသင့်လို့ပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်ကြားစာတွေနဲ့ ပတ်သက်လို့ ကျွန်တော် တင်ပြလိုတာက ဘယ်လောက်ပဲ အလုပ်တွေများများ၊ ဘယ်လောက်ပဲအလုပ်တွေ ရှုပ်ရှုပ်၊ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ အပါအဝင် တာဝန်ရှိသူအားလုံးဟာ Of the people ၊ By the people ၊ For the people ဆိုသလို ဘာလုပ်လုပ် ပြည်သူတွေအတွက် ဖြစ်ရမယ်၊ ပြည်သူ့အကျိုး ရှိရမယ်ဆိုတာကို မမေ့ဘဲနဲ့ ခေါင်းထဲမှာ စွဲနေရပါမယ်။ ငါတို့ဟာ ပြည်သူက ကျွေးတဲ့ထမင်းကို စားနေကြတာပါလား၊ ပြည်သူ့ ကျေးကျွန် တွေပါလား၊ ပြည်သူ့တွေရဲ့ လိုအပ်ချက်တွေ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးကြရမှာပါလား၊

ဖြေရှင်းပေးကြရမှာပါလား၊ အခု ငါတို့တာဝန်တွေ ကျေပြီလား၊ တာဝန်ကျတော့ မကျေဘဲနဲ့ အခွင့်အရေးကျတော့ နားရွက်ရှဲ့ပေတဲ့အထိ လက်တဆုံးမျှားနှိုက်မိ နေကြသလားဆိုတဲ့ ခံယူချက်လေးတွေ ထားလိုက်မယ်ဆိုရင် အလုပ်တွေ ပြီးစီးအောင်မြင်ပြီးမှတော့ ပြည်သူ့မေတ္တာလည်း ရောင်ပြန်ဟပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခု တင်ပြလိုတာက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ကွင်းဆင်းကြတဲ့အခါမှာ ကားမရောက်တဲ့နေရာတွေ ဆိုင်ကယ်နဲ့သွား၊ လှည်းနဲ့သွား၊ လှေနဲ့သွား၊ ခြေလျင်သွား၊ လုံချည် မပြီးတော့ ရှံ့ထဲ၊ ဗွက်ထဲ၊ လယ်ထဲသွား၊ မြူခိုးတွေထဲသွား၊ ပြည်သူတွေနဲ့တွေ့ ပြည်သူ့ဆန္ဒတွေ မေးမြန်းလုပ်ကြ၊ လွှတ်တော်တင်ပြကြ၊ ရွာတွေမှာ စာသင်ကျောင်းတွေ၊ ယိုင်နဲ့ နေတာတွေ၊ ဥပမိရုပ် မကောင်းတာတွေ၊ ကျောင်းဆရာ မရှိတာတွေ၊ တချို့ တစ်ကျောင်းလုံး ဆရာ တစ်ယောက်၊ နှစ်ယောက်ပဲ ရှိတာတွေ ဆေးခန်းမရှိ၊ ဆေးမရှိ၊ ရေတွင်းမရှိ၊ လမ်းမကောင်း၊ မီးမရ၊ မိုးတွင်းမှာ မြေလမ်းမကောင်းလို့ ချောင်းထဲကနေ ကလေးတွေ လှေနဲ့ကျောင်းသွား၊ လှေမှောက် ကျောင်းသားလေးတွေ ရေနစ်သေဆုံး၊ သာယာဝတီ ဇီးပွဲအုပ်စုက သဒ္ဓေးကုန်းကျေးရွာမှာ ၈၇ ခုနှစ် လောက်က ဖြစ်ခဲ့တာပါ။ ပြီးတော့ ကလေးတွေ ချောင်းဖြတ်မရလို့ ရွာသားတစ်ယောက်က ချောင်းထဲဆင်း၊ ကလေးတစ်ဦးစီ ပခုံးမှာထမ်း ဟိုဘက်ကမ်းပို့၊ ကျောင်းအပြန်မှာလည်း ရွာသား တစ်ယောက်က ချောင်းထဲပြန်ဆင်း၊ ဆင်းပြီးတော့ တစ်ခါ ဒီဘက်ကမ်းကို ပြန်ပို့၊ ဒါတွေကို တာဝန်ရှိတဲ့လူတွေ သိစေချင်ပါတယ်။ အဲဒီတော့ ကတ္တီပါဖိနပ် မြေမှုန့်ပေမှာစိုးလို့ဆိုပြီး ကားတွေပေါ် မဆင်းရင်တော့ ပြည်သူ့ဘဝအမှန်ကို သိမှာမဟုတ်နိုင်ပါဘူး။ ဒါလည်း တင်ပြလိုပါတယ်။ တချို့အုပ်ချုပ်မှုအပိုင်းက တာဝန်ရှိသူတွေအနေနဲ့ ပြည်သူတွေအတွက် လုပ်နိုင်သမျှတော့ လုပ်ပေးကြပါတယ်။ ဒါ အင်မတန် မင်္ဂလာရှိပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တွေက မေးခွန်းမေးရင် အစီအစဉ် မရှိသေးပါဘူး၊ အစီအစဉ် မရှိသေးပါဘူးဆိုတဲ့ အဖြေတွေက များများနေတော့ တစ်ခါတစ်ခါ အဖျားက ရှူးရှူးသွားတတ်ပါတယ်။ တချို့ကျတော ဖြေတတ်ပါတယ်။ ဘယ်လို လုပ်ပေးမယ်၊ ဘယ်တော့ရပါမယ်၊ ဘယ်ဘတ်ဂျက်မှာ လုပ်ပေးပါမယ်၊ ဒါ ကောင်းပါတယ် အဆင်လည်း ချောပါတယ်။ ကတိပေါ့ ခင်ဗျာ၊ အဲဒီလိုပဲ ဖြစ်စေချင်ပါတယ်။ ဒါပေမဲ့ တစ်ခါတလေကျတော့ ဒီကတိတွေက ပေးပြီးတော့လည်း မတည်ပြန်ဘူး။ ဒါလေးတွေ ဂရုစိုက် ပြင်လိုက်ရင်တော့ ကောင်းသွားမှာပါ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် တိုင်ကြားစာကော်မတီဝင်တွေဟာ ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ ကော်မတီဥက္ကဋ္ဌတို့၊ အတွင်းရေးမှူးတို့ ကိုယ်တိုင်ဦးဆောင်ပြီးတော့မှ အဖွဲ့တွေနဲ့လည်းဖွဲ့၊ တိုင်ကြားသူတွေရဲ့ ဘဝတွေကို သိအောင် ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းမေးမြန်းစုံစမ်း၊ နစ်နာသူတွေ၊ တာဝန်ရှိသူတွေနဲ့ တွေ့ပြီးတော့မှ တကူးတက အစီရင်ခံစာတွေပြုစု၊ အမှုတွဲတွေပြုစု အရေးကြီးတာတွေ လွှတ်တော်တင် ရှင်းလင်း၊ အစိုးရအဖွဲ့တွေကို ပို့တန်ပို့၊ တရားလွှတ်တော်ချုပ်ကို ပို့တန်ပို့၊ ရှေ့နေချုပ်ရုံးကို ပို့တန်ပို့၊ တိုင်းနဲ့ပြည်နယ်အစိုးရတွေဆီကို ပို့တန်ပို့၊ ကာယကံရှင်တွေကိုလည်း မိတ္တူပေး၊ ဒီလို အကုန်လုံး ကော်မတီရဲ့ လုပ်ဆောင်ချက်တွေဟာ စေတနာပါပြီးတော့ ပီပီပြင်ပြင် လုပ်တာတွေ့ရပါတယ်။ ဒီလိုပဲ တိုင်စာတွေနဲ့ ပတ်သက်လာပြီဆိုရင် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကလည်းပဲ တရားရေးပုဂ္ဂိုလ်တွေ ကလည်းပဲ အဲဒီလိုပဲ လုပ်စေချင်ပါတယ်။ ကျွန်တော်တို့ တိုင်စာကော်မတီဝင် အားလုံးဟာ အမြဲ အပင်ပန်းခံ အလေးအနက်ထား ဂရုစိုက်လို့

ကိုယ်ချင်းစာပြီး လုပ်နေကိုင်နေကြတာတွေ တွေ့ပါတယ်။ ပြည်သူ့အခက်အခဲတွေ ဖြေရှင်းဖို့ အင်မတန်မှလည်း ကြိုးစားကြပါတယ်။

ဒါ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီပြီးရင် အပင်ပန်းအခံဆုံး ကော်မတီဟာ တိုင်စာကော်မတီပါပဲလို့ တင်ပြခြင်း ဖြစ်ပါတယ်။ ဒါ ကိုယ်ရည်သွေးတာ မဟုတ်ပါဘူးခင်ဗျား။ သဘော သဘာဝ ပြောတာပါ။ ဥက္ကဋ္ဌကြီးကလည်း အသိအမှတ်ပြုလို့ ကျွန်တော်တို့ ကော်မတီကို သီးခြား တွေ့ဆုံအားပေး မှာကြားခဲ့တာကိုလည်း ကျေးဇူးတင်ပါတယ်။ အလျဉ်းသင့်လို့ ပြောတာပါ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ တချို့တိုင်စာတွေကိုကြည့်ရင် ပြည်သူတွေမှာ ဘဝပျက်လောက်အောင် ဖြစ်နေပြီးတော့ တရားဥပဒေရဲ့ အကာအကွယ် အပြည့်အဝ မရလို့ ဒုက္ခပင်လယ်ဝေနေကြတာတွေ တွေ့ရပါတယ်။ တိုင်စာအမှုတွေကို ချက်ချင်းဖြေရှင်းရမယ့်ကိစ္စ၊ အမြန်ဖြေရှင်းရမယ့်ကိစ္စ၊ ပုံမှန်ဖြေရှင်းရမယ့်ကိစ္စတွေ ဆိုပြီးတော့ သုံးပိုင်း ပိုင်းလို့ ကျွန်တော်တို့ တိုင်စာကော်မတီက သတ်မှတ်သလိုပဲ အစိုးရနဲ့ တရားစီရင်ရေးဘက်ကလည်း စနစ်ကျကျ သတ်မှတ်ခွဲခြားပြီးတော့မှ ပြီးပြတ်အောင် အမှုတွဲတွေ ဖြေရှင်းပြီးတော့ အခြေအနေကို အချိန်နဲ့တစ်ပြေးညီ လွှတ်တော်ကိုလည်း မှန်မှန်လေး ပြန်ပို့ပေးမယ်ဆိုရင် ခက်မသုံးဖြာဟာ ဟန်ချက်ညီလို့ မင်္ဂလာလည်း ရှိပါမယ်။

အစိုးရဆိုတာ ရှိမှန်းမသိအောင် နိုင်ငံဟာ တည်ငြိမ်အေးချမ်းပြီးတော့ ကျွန်တော်တို့ နိုင်ငံကို နိုင်ငံတကာကတောင် အတုယူလာရမှာလည်း ဖြစ်ပါတယ်။ ဒါဆို ပြည်သူကို တာဝန်ခံနိုင်တဲ့ Liberal Democracy အဆင့်တောင် ရောက်သွားနိုင်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ဟာ ဒီမိုကရေစီ သက်တမ်း အင်မတန်နုပါသေးတယ်။ (၃)နှစ်သာသာပဲ ရှိပါသေးတယ်။ အခုအချိန်ဟာ Command and Order System ကနေ Democratic System ကို ပြောင်းနေရပါတယ်။ နိုင်ငံရေးရော၊ စီးပွားရေးရော ပြုပြင်ပြောင်းလဲမှုတွေ တစ်ပြိုင်နက် လုပ်နေရပါတယ်။ Top to down Policy ကနေ Bottom Up Policy ကို ပြောင်းနေရပါတယ်။ အရင်က အရှိန်ဟာ မသေသေးပါဘူး။ နည်းနည်းတော့ ကျန်ပါသေးတယ်။ ဒါ တချို့ကိစ္စတွေမှာတာဝန်ရှိသူတွေ ကိုယ်တိုင်က Bottom Up Policy ကို လိုက်နာကျင့်ကြံလေ့ကျင့်ကြပ်မတ်ပေးကြရမှာတွေ ရှိပါတယ်။ အထက်ကို ကြောက်ချစ်ရိုသေတာထက် ပြည်သူကို ပိုပြီးတော့မှ အခြေခံတဲ့ ပြည်သူကို အကျိုးပြုမယ့် အလေ့အကျင့်လေးတွေ လုပ်ကြရဦးမှာ ဖြစ်ပါတယ်။

ဥပမာ- ကျွန်တော်လည်း ပါဝင် တာဝန်ယူရတဲ့ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေး ကော်မရှင်၊ ဒီမှာ စုံစမ်းချက်တွေကို ကျွန်တော်တို့ကြည့်လိုက်ရင် တောင်သူလယ်သမားတွေရဲ့ နစ်နာချက်တွေ တော်တော်များများ ရှိပါတယ်။ အုပ်ချုပ်ရေးအပိုင်းတွေက ဖြေရှင်းပေးဖို့ တော်တော်လေး နှေးကွေးနေတာ တွေ့ရပါတယ်။ ဒါ ပြည်ထောင်စုလွှတ်တော်မှာ ကော်မရှင်အဖွဲ့ဝင်တွေ တင်ပြတာတွေ အားလုံး သိကြပြီး ဖြစ်ပါတယ်။ အချိန်ကိုချွေတာတဲ့ အနေနဲ့ မပြောလိုတော့ပါဘူး။

တာဝန်ရှိသူအပိုင်းက အလုပ်များလို့ အလုပ်ရှုပ်လို့ တစ်ချို့လည်း အရင်က ဖြေရှင်း ပြီးပြီဆိုလို့ ကျွန်တော်တို့ ပို့တဲ့အမှုတွဲတွေကို ဆိုင်းထားမယ်၊ ပုံထားမယ် ဆိုလို့ရှိရင်တော့ ပြည်သူတွေရဲ့

အခက်အခဲတွေ လိပ်ခဲတည်းလည်း ဖြစ်နေမှာသေချာပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီလိုတာဝန်တွေ ဒီလို လုပ်ပိုင်ခွင့်တွေ ဒီလိုအခွင့်အရေးတွေ ရယူထားရုံတော့ဖြင့် တို့တွေဟာ နေ့မအား၊ ညမနား ဒီလိုဥပဒေတွေကို မဖြစ်မနေ ဖြေရှင်းပေးရမယ့် အလုပ်ကြီးပါလား။ ကြီးလေးတဲ့ တာဝန်ကြီးတွေပါလား။ ဒီလိုမှတ်ယူပြီး တာဝန်ယူလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ပြဿနာတွေဖြစ်နေတာက ကုမ္ပဏီတွေဟာ မြေလွတ်မြေရိုင်းတွေ ခွင့်ပြုချက်ရလို့ လုပ်တယ်၊ သိမ်းတယ်၊ လယ်သမားတွေကလည်း ဘိုးစဉ် ဘောင်ဆက် ကတည်းက မြေလွတ်ဆိုပြီးလုပ်တယ်။ လုပ်ထုံးလုပ်နည်းမသိတော့ ခွင့်ပြုချက်မယူမိကြဘူး။ မြေစာရင်းကလည်းပဲ အခွန်ကောက်တယ်။ ဒီလိုမြေခွန်ပေးတာကိုပဲ သူတို့က တရားဝင်မြေ ဖြစ်တယ်လို့ ထင်ကြတာတွေလည်း ရှိပါတယ်။

ဒါပေမဲ့ ကုမ္ပဏီတွေက မောင်းထုတ်တယ်။ အခု လွှတ်တော်နဲ့သမ္မတ ပေါ်လာတော့ လယ်သမားတွေက အားကိုးပြီးတော့ သမ္မတနဲ့ လွှတ်တော်ကို တိုင်တယ်။ ကျွန်တော်တို့ ဘဝတွေ ပျက်ပါပြီ၊ လယ်မရှိတော့ပါဘူး ကူညီပါ စသည်ဖြင့် ဒါ မီဒီယာတွေမှာလည်း ပါ ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအဖွဲ့ စုံစမ်းရေး သွားလုပ်ပြီးတော့ ပြန်လာတဲ့အခါမှာ ပြန်လာတာတောင် မကြာသေးဘူး လယ်သမားတွေကို ကုမ္ပဏီက ဒါ တို့မြေတွေ လွန်ခဲ့တဲ့ဆယ်နှစ်ကတည်းက တို့ လုပ်နေတာ ဆိုပြီးတော့ ဒါ တရားစွဲတယ်။ ဇာတ်လမ်းက အဲဒီမှာ ရှုပ်ကုန်ပါပြီ။

ဒါ သာယာဝတီဘက်က အုတ်ဖိုမြို့နယ်၊ မက္ကဒန်ရွာက လယ်သမားတွေ ခု တရားစွဲ ခံနေရတာပါ။ တခြားနေရာတွေမှာလည်း ဖြစ်နေပါတယ်။ ဒါ ဘာဖြစ်လို့လဲဆိုတော့ အရင်ခေတ်က ဝန်ကြီးရုံးကနေ ကုမ္ပဏီကို ခွင့်ပြုမိန့်ချမပေးခင်မှာ အဲဒီမြေလွတ်ဧရိယာထဲမှာ စိုက်ပျိုးရေး လုပ်ကိုင်နေသူတွေ ရှိ/မရှိ၊ ရှိရင် သူတို့ကို မနစ်နာအောင် ညှိနှိုင်းပေးရမယ်ဆိုတဲ့ မြေလွတ်၊ မြေရိုင်း နည်းဥပဒေ ပုဒ်မ ၅၂ (ခ) ဒါကို မကျင့်သုံး မလိုက်နာဘဲနဲ့ ခွင့်ပြုပေးခဲ့တာလား စဉ်းစားစရာ ဖြစ်နေပါတယ်။ ဒါမှမဟုတ် လက်အောက်က မြေစာရင်းဝန်ထမ်းတွေကိုပဲ ယုံကြည်မှု လွန်ကဲသွား တာလား။ ဒါတွေဖြစ်နိုင်ပါတယ်။ ဒါ အလျဉ်းသင့် လို့ ကျွန်တော် နမူနာတင်ပြတာပါ။

သာယာဝတီ၊ သုံးဆယ်၊ အုတ်ဖို၊ မိုးညို၊ လက်ပံတန်း တို့မှာ ဒါမျိုးတွေ ရှိပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် မြေသိမ်းမှုက (၆၄၃၅) ခု ဒါ ကော်မရှင်က အုပ်ချုပ်ရေးအဖွဲ့ကို ပို့ခဲ့တာပါ။ ဖြေရှင်းပြီးစီးမှုက (၆) ရာခိုင်နှုန်းပဲ ရှိပါတယ်။ အမှု (၆၀၀၀) ကျော် မရှင်းရသေးပါဘူး။ ကိန်းဂဏန်း အစွန်းထွက်တောင် ဒါ မဖြေရှင်းနိုင်သေးတဲ့ အနေအထားလေးတွေ ရှိပါတယ်။ အဲဒါကြောင့်မို့ ဒါတွေကိုလည်း အုပ်ချုပ်ရေးပိုင်းက ဖြေရှင်းပေးဖို့တွေ့ရပါတယ်။ ဒါ Top Down Policy ရဲ့ အားနည်းချက်လည်း ဖြစ်ကြောင်းတင်ပြလိုပါတယ်။ ကျွန်တော် နိဂုံးချုပ်တင်ပြပါမယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့ တိုင်ကြားစာ ဆိုင်ရာကော်မတီရဲ့ အကြံပြု တင်ပြချက်မှာပါတဲ့အတိုင်း ကျွန်တော်တို့လွှတ်တော်တွေရဲ့ ကော်မတီ၊ ကော်မရှင်တွေက ပို့လိုက်တဲ့ အမှုတွဲတွေကို အစိုးရနဲ့တရားလွှတ်တော်ချုပ်တို့က ထိထိရောက်ရောက် လျင်လျင်မြန်မြန်နဲ့ အကောင်အထည်ဖော်ပေးဖို့ ပြည်သူတွေရဲ့နစ်နာချက်တွေ၊ ခံစားချက်တွေကို စာနာဖြေသိမ့်ပေးဖို့ တိုင်ကြားစာ၊ အသနားခံစာ အားလုံးကို မူဘောင်ဝင်လို့ရှိရင် လုပ်ထုံးလုပ်နည်းနဲ့ အညီ ပြည်သူယုံကြည်မှု မထိခိုက်ခင်မှာ အမြန်ဖြေရှင်းပေးဖို့ စတာတွေကို အလေးနက်ထား ဆောင်ရွက်ဖို့ လိုနေပါတယ်။ Idealogy သဘောအရ လွှတ်တော်က ပေးပို့တာတွေက ထားပါဦးကွာ

ဖြေးဖြေးပေါ့ကွာလို့ ဒီလို Concept များ ဝင်နေကြသလား ဆိုပြီးတော့တောင် ကျွန်တော် အတွေးလွန်မိပါတယ်။ ဒါ ကျွန်တော့် အတွေးကလည်း မှားရင် မှားနိုင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ခုနက ကျွန်တော် ပြန်တင်ပြတဲ့ ပြည်ထောင်စုလွှတ်တော် လယ်မြေသိမ်းကော်မရှင်ကပို့တဲ့ လက်ကျန်အမှုတွဲက (၆၀၀၀) ကျော် အခုကျွန်တော်တို့ တိုင်ကြားစာ ကော်မတီကပို့တဲ့ လက်ကျန်အမှုတွဲက (၇၅၀) ကျော် ဒါ နောင်ဝင်လာမယ့် တိုင်စာတွေ ရှိပါသေးတယ်။ တာဝန်ရှိသူတွေအနေနဲ့ ဘယ်တော့များ ဘယ်လိုများ ဖြေရှင်းပေးမလဲဆိုတာကို သင့်တော်တဲ့ကာလ တစ်ခု သတ်မှတ်ပေးပြီးတော့မှ အမြန် ဖြေရှင်း ပေးသင့်ပါကြောင်း ကျွန်တော်တို့လွှတ်တော်က အစိုးရနဲ့ တရားလွှတ်တော်ချုပ်ကို အကြောင်းကြားစာဖြစ်ဖြစ်၊ သဝဏ်လွှာဖြစ်ဖြစ် ပေးပို့သင့်ပါတယ်။ (၃) လလောက်ကြာလို့မှ မထူးခြားရင် အခြေအနေကို ပြည်ထောင်စုလွှတ်တော်မှာ အဆိုအဖြစ်နဲ့ တင်ပြပြီးတော့ အတည်ပြုချက်ရယူသင့်တယ်လို့ အကြံပြုလိုပါတယ်။

အခု ကျွန်တော်တင်ပြတဲ့ လယ်သိမ်း၊ မြေသိမ်းကိစ္စတွေ အစိုးရပိုင်းကလည်း ဒေသခံလွှတ်တော်ကိုယ်စားလှယ်တွေပါ ပါပြီးတော့ ပူးပေါင်းပြီးတော့ လုပ်ပေးပါဆိုပြီးတော့ တစ်နေ့က ပြည်ထောင်စုလွှတ်တော် နာယက ဆီကို သဝဏ်လွှာပို့လာတာ ကောင်းပါတယ်။

ဒါ မြန်လည်း မြန်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နယ်တွေမှာလည်း လယ်သမားတွေကိစ္စ ကိုယ်စားလှယ်တော်တွေက တော်တော်လေးပဲ ဖြေရှင်းပေးနေရပါတယ်။ ဥပဒေမှာကလည်း ဘယ်လိုဆိုထားလည်းဆိုတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည် ဆိုပြီးတော့ လယ်ယာမြေဥပဒေမှာ ဆိုထားပါတယ်။ ပုဒ်မ (၂၈) (ဂ) ပါ။ အခုတိုင်ကြားစာတွေကိစ္စနဲ့ ပတ်သက်လို့ ဆက်ပြီးတော့တင်ပြရရင် အဆိုအနေနဲ့ လက်ခံတဲ့ ပြည်ထောင်စုလွှတ်တော်အနေနဲ့ကလည်း အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက် အနေနဲ့ ချပြီးတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၂၂၈) (228) ပါခင်ဗျား။ အဲဒါနဲ့အညီ၊ အချိန်နဲ့ တစ်ပြေးညီ အကောင်အထည်ဖော်ပေးဖို့၊ အကောင်အထည်ဖော်တာကိုလည်း ပြည်ထောင်စုလွှတ်တော်ကို ပြန်ပြီးတော့ အစီရင်ခံဖို့ အစိုးရနဲ့ တရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုလွှတ်တော်ကလည်းပဲ သဝဏ်လွှာ ပေးပို့သင့်ပါကြောင်း လေးစားစွာ အကြံပြုတင်ပြရင်း ကော်မတီရဲ့ အစီရင်ခံစာကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ဦးမြင့်ထွန်းရဲ့ ဆွေးနွေးချက်တွေက တော်တော်နားထောင်လို့ ကောင်းပါတယ်။ လူထုအော်သံ ဇာတ်ကားထဲက ရဲဘော်အောင်ဝင်း တောင် သွားသတိရတယ်။ ဒါပေမဲ့ မဲဆန္ဒနယ်မှာ မြို့နယ်(၃)ခုလောက် ကိုယ်စားပြုလို့ သာတဲ့ကိစ္စတို့၊ အမျိုးသားလွှတ်တော်မှာ တော့ စိတ်လန်းဆန်းနေတယ်ဆိုတဲ့ကိစ္စတွေတော့ ထုတ်မပြောသင့်တဲ့အတွက် ကောက်နုတ်ပယ်ဖျက်တယ်။

**အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၁/၂၀၁၄) ကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အစီရင်ခံစာ (၁/၂၀၁၄)ကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးမှတ်ကြီး (အဖွဲ့ဝင်၊ ပြည်သူတို့၏ တိုင်ကြားစာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၁/၂၀၁၄) ကို သဘောတူလက်ခံရန်အဆိုကို ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမှတ်ကြီး မှ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုဖို့ လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီရဲ့အစီရင်ခံစာကိုလွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၁)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက်

(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၁း၀၉ နာရီအချိန်တွင် ရပ်နားပါသည်။]